ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
တင်ပြင်းကျေးရွာ
ငဖဲမြို့နယ်၊ မင်းဘူးခရိုင်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၄)




ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
## တင်ပြင်းကျေးရွာ၊ ငဖဲမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ

# မာတိကာ


မာတိကာ

စကားချီး

တင်ပြင်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ငဖဲမြို့နယ်

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်

၁။ နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား–မဆိုင်ရာ ကိစ္စဆိုင်ရာ

၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ
၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်
၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်၍ နည်းလမ်းနှင့်အစီအစဉ်များ
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အထောက်အကူပြု ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရ လုပ်ငန်းအမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု
(၂) ကဏ္ဍာအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းအရင်း
ဇယား ၂၆ ရွှေ့ပြောင်းသွားလာသူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ
နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း
ကိုးကားစာရင်း

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဖေဖော်ဝါရီလ၊ ၂၀၂၀ပြည့်နှစ်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
တင်ပြင်းကျေးရွာ
ငဖဲမြို့နယ်

## တင်ပြင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဖဲမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

**၁။ နိဒါန်း** အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရအဖွဲ့အစည်းမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်တော်တို့ တင်ပြင်းကျေးရွာသည် ရခိုင်ရိုးမတောင်တန်းပေါ်တွင် တည်ရှိပြီး ဆက်သွယ်သွားလာရ အနည်းငယ်ခက်ခဲပါသည်။ အုပ်ချုပ်ရေးရုံးစိုက်ရာ ငဖဲမြို့နှင့် (၃၆/၁)မိုင်ခန့် ကွာဝေးပါသည်။ မြို့နယ် ၏ အချက်အချာဖြစ်သော ပဒါန်းကျေးရွာနှင့် (၂၆/၁)မိုင်ခန့်သာ ကွာဝေး၍ ဆက်သွယ်သွားလာရန် အဆင်ပြေပါသည်။ ရခိုင်ရိုးမတောင်တန်းပေါ်တွင် တည်ရှိပြီး စပါးစိုက်ပျိုးရေးလုပ်ငန်းကို အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ကြပါသည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိပြီး မြေပြန့်ဒေသနှင့် ဆက်စပ်ကာ မြေဆီလွှာ အသင့်အတင့် ကောင်းမွန်ပါသည်။ တောင်ယာစပါးစိုက်ပျိုးမြေ (၆)ကေကို မိုးကာလတွင်သာစိုက်ပျိုးရပြီး ရာသီဥတုဖောက်ပြန်မှုကြောင့် ရံဖန်ရံခါ မစိုက်ပျိုးရသော ကာလများလည်း ရှိပါသည်။ မြေအောက်ရေအသုံးပြုခြင်းမရှိပါ။ တောင်ယာမြေ(၉၃)ကေ၊ ဥယျာဉ်ခြံမြေ(၃)ကေ ရှိသော်လည်း ရာသီဥတုဖောက်ပြန်မှု၊ သီးနှံဈေးကွက်ပျက်၍ သီးနှံဈေးနှုန်းကျဆင်းမှုတို့ကြောင့် ငရုပ်၊ ကြက်ဆူ၊ ပြောင်း၊ ဝဥ စသည်တို့ကို အနည်းငယ်သာ စိုက်ပျိုးပြီး မြေအများအပြား စိုက်ပျိုးခြင်းမရှိပါ။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

တင်ပြင်းကျေးရွာတွင် အိမ်ထောင်စု (၅၂)စုနှင့် ကျား၊ မ လူဦးရေပေါင်း (၂၄၄)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၄)နှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်လျှင် ပျမ်းမျှနှုန်း (၄)ဦး ရှိပါသည်။ ကျေးရွာတွင် ချင်းလူမျိုးများ နေထိုင်ကြပြီး ဗုဒ္ဓဘာသာ ကိုးကွယ်ကြပါသည်။ အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ (၅၈.၂၀)ရာခိုင် နှုန်းရှိသဖြင့် လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး စီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင် ပါသည်။ ယခုအခါ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်း ရှားပါးခြင်းကြောင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းအလုပ်လုပ်ရသူများ တိုးပွားလျက်ရှိပါသည်။

### (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သီးနှံရိတ်သိမ်းချိန်တွင်သာရရှိပြီး ကျန်အချိန်များတွင် ဝင်ငွေရရှိမှုမရှိပါ။ ဆင်းရဲချမ်းသာအဆင့်တွင် အိမ်ထောင်စုအားလုံး၏ (၁၅.၃၈%)သည် အလွန်ဆင်းရဲသောအဆင့်၊ (၁၅.၃၈%)သည် ဆင်းရဲသောအဆင့် ဖြစ်ပြီး အလယ်အလတ်အဆင့် (၄၄.၂၃%)နှင့် ပြေလည်သောအဆင့်မှာ (၂၅.၀၁%) ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ ဈေးကွက်လက်လှမ်းမီမှုနှင့် ရေသွင်းစိုက်ပျိုးနိုင်မှု တို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ဆိုနိုင်ပါသည်။ ချမ်းသာသောလယ်သမားအိမ်ထောင်စုများအပြင် ဈေးသည်၊ ဆောက်လုပ်ရေးအလုပ်သမားများ၊ အစိုးရဝန်ထမ်း

အချို့နှင့် ကိုယ်ပိုင်လုပ်ငန်းရှင်များမှာ ငွေရေးကြေးရေး အဆင်ပြေကြပါသည်။ မပြေလည်သောအဆင့်တွင် မြေယာအနည်းငယ်ပိုင်သော တောင်သူများ၊ မြေယာရှိသော်လည်း မစိုက်ပျိုးရသောတောင်သူများ၊ မြေယာမဲ့များနှင့် လက်လုပ်လက်စားအိမ်ထောင်စုများ ပါဝင်ပါသည်။ ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သဖြင့် ကျေးရွာ၏ဝင်ငွေသည်လည်း အသင့်အတင့်သာရှိပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု များပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ လက်လီတနိုင်တပိုင် မွေးမြူရေးလုပ်ငန်းများဖြင့် ဝင်ငွေရှာဖွေကြပါသည်။ သီးနှံရာသီကုန်ဆုံးချိန်များတွင် ရွှေ့ပြောင်းအလုပ်အကိုင် ရှာဖွေလုပ်ကိုင်လျက် စီးပွားရှာရပါသည်။ သူတစ်ပါးထံမှ ချေးငှား၍လည်းကောင်း၊ လုပ်အားခကြိုတင်ယူ၍လည်းကောင်း၊ သီးနှံများကြိုတင်ရောင်းချ၍လည်းကောင်း၊ နပ်မှန်စွာစားသုံးနိုင်သည်ကို တွေ့ရှိရပါသည်။ သက်ကြီးရွယ်အိုများရှိပြီး ဆင်းရဲသောအိမ်ထောင်စုအချို့မှာ ကျေးရွာ၏ ထောက်ပံ့မှုဖြင့် စားသောက်နေရပါသည်။

## (ဃ) ကျန်းမာရေးနှင့်အာဟာရ

တင်ပြင်းကျေးရွာတွင် ရွာသူ/သားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ပြီး အာဟာရပြည့်ဝမှု ရှိပါသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြပါသည်။ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါမှာ နှစ်စဉ် အနည်းငယ်ဖြစ်ပွားမှုရှိသော်လည်း ထိရောက်သော ကာကွယ်ကုသမှုများဆောင်ရွက်နိုင်ကြပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်နှင့် အသက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ အသင့်အတင့်ရှိကြပါသည်။ ကျေးလက်ကျန်းမာရေးဌာနရှိပြီး ဝန်ထမ်းအင်အား ပြည့်မီစွာရှိသောကြောင့် ရွာသူရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို လွယ်ကူလျင်မြန်စွာ ရရှိပါသည်။ ပဒါန်းတိုက်နယ်ဆေးရုံ၊ ငဖဲမြို့နယ်ဆေးရုံများသို့ လူနာတင်ကားဖြင့် အလွယ်တကူသွားနိုင်ပြီး ကျေးရွာတွင် လိုင်စင်ရဆေးဆိုင်ရှိသဖြင့် ကျန်းမားရေးအတွက် အသင့်အတင့်လက်လှမ်းမီမှုရှိပါသည်။ သောက်သုံးရေအဖြစ် စိမ့်စမ်းရေသွယ်စနစ်ဖြင့် တစ်ရွာလုံးဖြန့်ဝေထားပြီး သောက်သုံးရေအလွယ်တကူရရှိကာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု မရှိသလောက်နည်းပါးကြောင်း တွေ့ရပါသည်။

## (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် ပညာရေးအားပေးမှု အသင့်အတင့်ရှိလာကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် ဘွဲ့ရအရေအတွက်နှင့် ဝန်ထမ်းအရေအတွက်မှာ (၂)%ခန့်ရှိပါသည်။ အခြေခံပညာရေးကို ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားနိုင်ပြီး အလယ်တန်းနှင့်အထက်တန်းပညာရေးကို ကျေးရွာ(၉/၁)မိုင်ခန့်ဝေးကွာသော

အ.ထ.က(ခွဲ)လိုင်ကျောင်းနှင့် (၂၆/၁)မိုင်ခန့်ဝေးသော အ.ထ.က (ပဒါန်း) ကျောင်းတွင် တက်ရောက်ပညာသင်ကြားရသည့်အတွက် ဆက်လက်ပညာသင်ယူနိုင်မှု အားနည်းခဲ့ပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာလည်း နည်းပညာဆိုင်ရာကျွမ်းကျင်မှုနည်းပါးပြီး လူငယ်လူရွယ်များအတွက်အလုပ်အကိုင်အခွင့်အလမ်း ရှားပါးလျှက်ရှိပါသည်။

**(စ) ကျား-မရေးရာကိစ္စ**

ကျေးရွာတွင် ကျား-မ တန်းတူအခွင့်အရေးရရှိပါသည်။ ကျား-မရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း အုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်းများမှအပ ကျေးရွာလူမှုအဖွဲ့အစည်းများတွင် မျှတစွာပါဝင်မှုရှိပါသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ဒုစရိုက်မှုနှင့် ခွဲခြားဆက်ဆံမှုများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိပါသည်။ သို့သော် နေ့တွက်လုပ်အားခမှာ အမျိုးသားများက ပိုမိုရရှိကြပါသည်။ ဥပမာ လုပ်ငန်းသဘာဝနှင့် လုပ်အားစိုက်ထုတ်မှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျှော့နည်းပြီး ရကြပါသည်။ အုပ်ချုပ်မှုအပိုင်းတွင် အမျိုးသားများနှင့် တန်းတူ မပါဝင်နိုင်သော်လည်း အမျိုးသမီးများနှင့်သက်ဆိုင်သော အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစသည့်အဖွဲ့များတွင် တက်ကြွစွာ စီမံဦးဆောင်နိုင်ကြပါသည်။ ကျား-မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှုအတွက် ပိုမိုအထောက်အပံ့ ဖြစ်လာစေနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် စီးပွားရေးအသင်းအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့၊ ဘာသာရေးအသင်းအဖွဲ့နှင့် ဖွံ့ဖြိုးရေးဆိုင်ရာအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေကြသော်လည်း အဆိုပါ အဖွဲ့များကြား တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းပါသည်။ ယင်းအဖွဲ့အစည်းများအနက် လူငယ်ထုပူးပေါင်းဆောင်ရွက်လျက်ရှိသော လူမှုရေး၊ ဘာသာရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့များမှာ ပိုမိုအားကောင်းလျက်ရှိပါသည်။ ပြင်ပအဖွဲ့အစည်းများနှင့်ပါ ချိတ်ဆက်ဆောင်ရွက်မှုအားနည်းသဖြင့် အဖွဲ့အစည်းများအား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ပေးပြီး ချိတ်ဆက်နိုင်မည့် နည်းလမ်းများ ပေးနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု တိုးတက်ကောင်းမွန်လာနိုင်ပါသည်။

**(ခ) သီးနှံသားငါးထုတ်လုပ်ရေးကဏ္ဍ**

တင်ပြင်းကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု (၁) ၊ ၂.၅ကေအောက် အိမ်ထောင်စု (၃၇)၊ (၂.၅ကေမှ ၅ ကေကြား)အိမ်ထောင်စု (၁၀)၊ (၅ကေအထက်)အိမ်ထောင်စု (၁၀)ရှိပါသည်။ ကျေးရွာတွင် စပါးကို အဓိကထား စိုက်ပျိုးကြပြီး မြေပဲနှင့် နှမ်းလည်း စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် လယ်မြေ(၁၁၂)ကေ ရှိပြီး ရာသီအလိုက်သာ စိုက်ပျိုးရသဖြင့် မစိုက်ပျိုးရသော မြေများလည်း ရှိပါသည်။

စိုက်ပျိုးရေး အခက်အခဲကြောင့် မိုးစပါးတစ်မျိုးတည်းကိုသာ စိုက်ပျိုးနိုင်ပြီး ဆောင်းသီးနှံစိုက်ပျိုးမှု အားနည်း လျက်ရှိပါသည်။ စပါး တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း(၂၅)တင်း၊ ဧရပ် တစ်ဧကလျှင် ပျမ်းမျှ(၇၀)ပိဿာထွက်ရှိပါသည်။ စိုက်ပျိုးရေအခက်အခဲဖြေရှင်းနိုင်ရန် ရေစုပ်စက် ပိုင်ဆိုင်သူများပြီး အချို့မှာ ရာသီအလိုက်စိုက်ပျိုးသူများသာ များပါသည်။

ကျေးရွာတွင် ကျွဲ၊ ဝက်နှင့် ကြက်များသာ မွေးမြူကြသော်လည်း စီးပွားဖြစ်မွေးမြူသူမရှိဘဲ တစ်ပိုင်တစ်နိုင်သာ မွေးမြူကြခြင်းဖြစ်ပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

တင်ပြင်းကျေးရွာအနေဖြင့် လမ်းပန်းဆက်သွယ်ရေးအသင့်အတင့်ကောင်းမွန်သော်လည်း လျှပ်စစ်မီး၊ ကုန်ကြမ်း၊ နည်းပညာစသည့် အခက်အခဲများကြောင့် အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်း မရှိပါ။ အလုပ်နှင့်လိုက်လျောညီထွေသော၊ အသက်မွေဝမ်းကျောင်း ပြုနိုင်သော ပညာရပ်များ တတ်မြောက်မှု နည်းပါးခြင်းကြောင့် ကာယလုပ်သားများဖြစ်သော ပန်းရံ၊ လက်သမား၊ ဆောက်လုပ်ရေး စသည့် လုပ်ငန်းများတွင်သာ ကျပန်းလုပ်ကိုင်မှု များပြားပါသည်။

မိမိဒေသတွင် အလုပ်အကိုင်အခွင့်အလမ်းရှားပါးသောကြောင့် ပြည်တွင်း/ပသို့ အလုပ်အကိုင် ရှာဖွေလုပ်ကိုင်ရန် သွားလာနေကြသူများမှာ ကျေးရွာရှိ အလုပ်လုပ်နိုင်သည့်အရွယ်၏ (၅၈.၂%)နီးပါး ရှိသည်ကို တွေ့ရှိရပါသည်။

## (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှု

ကျေးရွာတွင် မြေဩဇာများ နည်းလမ်းမမှန်စွာသုံးစွဲ၍ မြေဆီဩဇာများ ခမ်းခြောက်ခြင်း၊ ပိုးသတ်ဆေးများ အလွန်အကျွံ သုံးစွဲကြသဖြင့် ဆေးယဉ်ပါးကာ ရောဂါကာကွယ်ထိန်းချုပ်မှု လျော့ကျလာပြီး ဖျက်ပိုးအန္တရာယ်နှင့် ရင်ဆိုင်နေရခြင်းနှင့် ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုတွင် အားနည်းနေကြောင်း တွေ့ရှိရပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျွန်တော်တို့ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမအသင်းနှင့် အပေါင်ဆိုင် တို့မှ ချေးငွေများ ချေးယူကြပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ(၇)ရှိပါက ကာလတိုချေးငွေ အတိုးနှုန်း(၁ မှ ၂ %)ဖြင့်လည်းကောင်း၊ သမဝါယမချေးငွေမှာ ကာလတိုချေးငွေ အတိုးနှုန်း(၁ မှ ၂ %) ဖြင့်လည်းကောင်း၊ အပေါင်ဆိုင်တွင် အပေါင်ပစ္စည်းအနေဖြင့် ရွှေ၊ မြေများပေးရပြီး ကာလတိုချေးငွေ အတိုးနှုန်း (၂ မှ ၅%)ဖြင့် လည်းကောင်း ချေးယူကြရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

တင်ပြင်းကျေးရွာတွင် ကျေးရွာလူဦးရေ၏ ၁၃.၉၃%ခန့်မှာ မူလတန်းပညာသာ ပြီးဆုံးခဲ့ပြီး ၂.၀၅%ခန့်သာ တက္ကသိုလ်ပညာရေး ပြီးဆုံးခဲ့သဖြင့် ဗဟုသုတအားနည်းခြင်း၊ အယုံလွယ်ခြင်း၊ ပူးပေါင်းပါဝင်ရန် ရှက်ရွံ့ခြင်း စသည့်အခက်အခဲများနှင့် ရင်ဆိုင်ရပါသည်။

ကျေးရွာတွင် နိုင်ငံတော်အစိုးရမှ သတ်မှတ်ချထားပေးသော အခြေခံပညာမူလတန်းကျောင်း (၁)ကျောင်းရှိပြီး ကျောင်းသားဦးရေ (၃၄)နီးပါး ရှိသော်လည်း ကျောင်းဆရာ/မဦးရေ (၇)ဦးသာရှိသောကြောင့် ဆရာ/မဦးရေ လုံလောက်ပါသည်။ စာသင်ဆောင်နှင့် ကျောင်းသုံးပရိဘောဂများ လုံလောက်မှုရှိပါသည်။ မူလတန်းကျောင်းသား/သူများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို နိုင်ငံတော်မှ အခမဲ့ပံ့ပိုးပေးခဲ့ပါသည်။ အလယ်တန်းနှင့် အထက်တန်းပညာရေးအတွက် ကျောင်းသား/သူများသည် ကျေးရွာနှင့် (၉/၁)မိုင်ခန့် ကွာဝေးသော အ.ထ.က(ခွဲ) လိုင်ကျောင်းနှင့် (၂၇/၁)မိုင်ခန့် ကွာဝေးသော အ.ထ.က(ပဒါန်း)ကျောင်းသို့ တက်ရောက်ပညာသင်ကြားကြပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသော်လည်း လိုင်ကျေးရွာအုပ်စု ကျန်းမာရေးဌာနမှ ဝန်ထမ်းများမှ လိုအပ်သည့် ဝန်ဆောင်မှုများရရှိပြီး အရေးကြီးလူနာများအား ပဒါန်းတိုက်နယ်ဆေးရုံနှင့် ငဖဲမြို့နယ်ဆေးရုံများသို့ နာရေးကူညီမှုအသင်းကားဖြင့် လျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ပါသည်။ မိုးရာသီကာလများ၌ သွေးလွန်တုပ်ကွေးနှင့် အသက်ရှူလမ်းကြောင်းကူးစက်ရောဂါများဖြစ်ပွားလေ့ရှိသော်လည်း ထိရောက် နိုင်နင်းစွာကုသခြင်း၊ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းများကို ပူးပေါင်းဆောင်ရွက်နိုင်ပါသည်။ ကျန်းမာရေးဌာန၏ အခမဲ့ပေးဝေမှုစနစ်ကြောင့် အိမ်တိုင်းယင်လုံအိမ်သာ သုံးစွဲကြပါသည်။

သောက်သုံးရေအနေဖြင့် မန်းချောင်း၏ အမြင့်ပိုင်းမှ ရေပိုက်သွယ်၍ ရွာတွင်းလမ်းထိပ်ရေကန်များ၊ အိမ်သွယ်ရေတိုင်များသို့ နာရီအလိုက် ရေဖြန့်ဝေသုံးစွဲလျက်ရှိပြီး မိုးတွင်းတွင် ရေနောက်များစီးဝင်မှုကြောင့် ရေဖြန့်ဝေမှု ရပ်နားရလေ့ရှိပါသည်။

## (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထား သီးသန့်မရှိပေ။ လူငယ်များသည် ကျေးရွာရိုလူမှုရေး၊ ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင်းတွင် စုပေါင်းရောနှောနေထိုင်မှုကြောင့် ရိုးရာယဉ်ကျေးမှုများ ထိန်းသိမ်းနိုင်မှုအားနည်းခြင်းကို တွေ့ရပါသည်။ ကျေးရွာအတွင်း လူကြီးလူငယ် ဗဟုသုတရရှိစေနိုင်ရန် စာပေလေ့လာနိုင်မည့် စာကြည့်တိုက်နှင့် စာအုပ်စာပေများ အသင့်အတင့်ရှိပါသည်။

### (ဈ) အခြေခံအဆောက်အဦများအား လက်လှမ်းမီမှု-လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင်းလမ်းများ၊ ချဉ်းကပ်လမ်းနှင့် ကျေးရွာချင်းဆက်လမ်းမှာ မြေသားလမ်း အမျိုးအစားများဖြစ်ပြီး မိုးတွင်းအခါတွင် ဗွက်များထ၍ သွားလာရန် အဆင်မပြေပါ။ ကျေးရွာချင်း ဆက်လမ်းမှာ ချောင်းဖြတ်ရပြီး လွန်ခဲ့သော ၅နှစ်ကျော်က တည်ဆောက်ခဲ့သော ကြိုးတံတား (၁၀၀'x၅'x၂၀')တစ်စင်း တည်ရှိသော်လည်း လူများသာ သွားလာနိုင်ပြီး နွားများနှင့် လယ်ယာသုံး ပစ္စည်းများ သွားလာ၍ မရသောကြောင့် ပွင့်လင်းရာသီ၌သာ သွားလာနိုင်ပါသည်။

ကျေးရွာတွင် မီးသုံးစွဲမှုအနေဖြင့် ဆိုလာစနစ်သုံးစွဲသောအိမ်ထောင်စု(၂၅)စုရှိပြီး အသေးစားရေအားလျှပ်စစ်အသုံးပြုသည့်အိမ်ထောင်စု(၄)စုနှင့် အသုံးမပြုနိုင်သောအိမ်ထောင်စုမှာ (၁၃)စု ရှိပါသည်။

ကျေးရွာတွင် တယ်လီဖုန်းများအား ဆက်သွယ်ရေးအတွက် အသုံးပြုကြသော်လည်း သတင်းအရင်းအမြစ်အဖြစ် သုံးစွဲသူနည်းပါးသေးသဖြင့် ရေဒီယို၊ စလောင်းမှသာ သတင်းရယူမှု များပြားပါသည်။

### (ည) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာအတွင်း လူကုန်ကူးမှု၊ ခိုးမှုနှင့် မူးယစ်ဆေးသုံးစွဲမှုများ အနည်းငယ်သာရှိပြီး အကြမ်းဖက်မှုများ မရှိပါ။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျွန်တော်တို့ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာဖြစ်ပြီး စိုက်ပျိုးရေကို ကိုယ်ထူ ကိုယ်ထလက်လုပ်ဆည်များဖြင့် ရေသွယ်ရရှိပြီး စပါးအထွက်နှုန်း ကောင်းမွန်စေရန် စိုက်ပျိုးရေးဦးစီး ဌာနမှလည်း စပါးမျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးပါသည်။ အော်ဂဲနစ်၊ ဓါတုပိုးသတ်ဆေးများအား စိုက်ပျိုးရေးဆေးဆိုင်တို့မှ ဝယ်ယူသုံးစွဲနိုင်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှလည်း စိုက်ပျိုးစရိတ် ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးလျှက်ရှိပါသည်။

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအား တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ စိုက်ပျိုး မွေးမြူရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် လက်သမား၊ ပန်းရံ၊ ကျပန်း၊ အစိုးရဝန်ထမ်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်သူများလည်း ရှိပါသည်။

လူထု၏ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်း များနှင့် ဝန်ဆောင်မှုများကိုလည်း အလွယ်တကူလက်လှမ်းမီကြပါသည်။ ကျေးရွာသူ/သားများ အနေဖြင့် စိုးရိမ်ရသောဆေးဝါးကုသမှုများအတွက် ငဖဲမြို့နယ်ဆေးရုံ၊ မင်းဘူးခရိုင်ဆေးရုံနှင့် မကွေးတိုင်းဆေးရုံများသို့ သွားရောက်ပြီး ကုသမှုများခံယူနေကြပါသည်။

## (ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာတွင် လယ်မြေမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပါသည်။ အခြားသယံဇာတများ အနေဖြင့် ကျောက်ကြီး၊ သဲနှင့် ကျောက်စရစ်များ ထွက်ရှိသော်လည်း သစ်တောဧရိယာနှင့် နီးကပ်နေ၍ အလွယ်တကူ ထုတ်ယူအသုံးမပြုနိုင်ပါ။ လယ်ယာမြေထပ်မံတိုးချဲ့ရန် မြေရှားပါးသည့်အတွက် လယ်သမားများအနေဖြင့် အထွက်နှုန်း တိုးမြင့်အောင်သာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ တောင်သူများ စိုက်ပျိုးသည့် သီးနှံများတွင် ဖျက်ပိုးများကျရောက်တတ်ပါသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိသော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့်ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်ရေးအတွက် အထောက်အပံ့များ ရရှိရန်လိုအပ်ပါသည်။ ကျေးရွာတွင် ငွေတိုးချေးသူများ ရှိသော်လည်း အတိုးနှုန်းမှာမြင့်မားပါသည်။ ချေးငွေမှာ လယ်ယာမြေရှိသူမှသာရရှိပြီး လယ်ယာမြေ မရှိ၍ အငှားလုပ်ကိုင်သူများမှာ ချေးငွေရရန် အခက်အခဲရှိပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ

## (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်(၅)နှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က-၁) ကျွန်ုပ်တို့ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို စနစ်ကျသောနည်းပညာများဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ရွာသူ/သားများ၏ ဝင်ငွေများတိုးပွား၍ စီးပွားရေးအခြေအနေများ တိုးတက်စေရမည်။

(က-၂) ကျွန်ုပ်တို့ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းဖြင့် ပညာရေး၊ ကျန်းမာရေး တိုးတက်လာပြီး လူနေမှုအဆင့်မြင့်တက်လာစေရမည်။

(က-၃) ကျွန်ုပ်တို့ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်လာခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာစေမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ-၁) ကျေးရွာရှိဖွံ့ဖြိုးရေးအဖွဲ့မှဦးဆောင်၍ စိုက်ပျိုးရေး၊ မွေးမြူရေးမှ ဝင်ငွေအမြတ်အစွန်းများ ရရှိအောင်မြင်လာစေရန် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ ဆောင်ရွက်မည်။ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်လာစေရန် စိုက်ပျိုးရေးနည်းပညာများရရှိရေး၊ မျိုးကောင်းမျိုးသန့်များ အချိန်ကုန်ငွေကုန်သက်သာစွာရရှိရေး၊ စိုက်ပျိုးရေများ အချိန်မီ လုံလောက်စွာရရှိရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သွားမည်။

(ခ-၂) မွေးမြူရေးလုပ်ငန်းများမှ တိရိစ္ဆာန် မျိုးကောင်းမျိုးသန့်ရရှိရေး၊ ရောဂါကင်းရှင်းစေရေး အတွက် တိ/မွေးကုဌာနတို့နှင့်ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သွားမည်။

(ခ-၃) စိုက်ပျိုးရေး၊ မွေးမြူရေးများကို သင့်တင့်သည့် အမြတ်အစွန်းရရှိစေရေးအတွက် စနစ်တကျမွေးမြူခြင်း၊ စိုက်ပျိုးခြင်းများပြုလုပ်နိုင်ရန် နည်းပညာပေးသင်တန်းများ တက်ရောက်နိုင်စေရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(ခ-၄) ကျောင်းမိဘဆရာအသင်းအဖွဲ့မှ ကျောင်းဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းနေအရွယ်ကျောင်းနေနိုင်ရေး အထောက်အပံ့များ ဆောင်ရွက်သွားမည်။

(ခ-၅) ကျွန်တော်/မတို့ ကျေးရွာတွင် ရာသီမရွေးသွားလာနိုင်သော လမ်းများဖြစ်လာစေရန် သက်ဆိုင်ရာဦးစီးဌာနများ၊ NGO အဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။

(ခ-၆) ကျွန်တော်/မတို့ ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိရန်နှင့် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ စတင်နိုင်ရန် အကူအညီပေးနိုင်မည့် ဌာန/အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်ဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည့်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) သီးနှံထုတ်လုပ်မှုတိုးတက်စေရန် စိုက်ပျိုးရေးနည်းပညာများရရှိစေရေး**

ကျေးရွာတွင် စပါးအပြင် နှမ်းနှင့် မြေပဲ အနည်းငယ်စီ စိုက်ပျိုးကြပါသည်။ တောင်သူများ အတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိက အခက်အခဲဖြစ်ပြီး သီးနှံဖျက်ပိုးများကို ထိရောက်စွာ ကာကွယ်နှိမ်နင်းရေးအတွက် နည်းစနစ်ရရှိရေး လိုအပ်ပါသည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာ ဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရရှိနိုင်သော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခို အားထားမှုပိုများပြီး သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများ အတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။

**(ဂ) ကျေးရွာအဆင့်ဆိုင်ရာ ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်းသူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများ အတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ အတွက် လုံလောက်သောချေးငွေ လိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်း ဖွဲ့စည်းထားခြင်း ရှိပါသည်။

**(ဃ) ကျေးလက်အဆင့် အသေးစားလုပ်ငန်းများဆိုင်ရာ အကူအညီများရရှိရေး**

ကျေးရွာအတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းအနေဖြင့် ဆန်စက်လုပ်ငန်း လုပ်ကိုင်သူသာ ရှိပြီး အခြားလုပ်ငန်းလုပ်ကိုင်သူ မရှိပါ။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများ အတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ထည့်သွင်းရေးဆွဲရန် မလွယ်ကူပါ။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် လုပ်ငန်းသစ်များလည်း အဆင်သင့် မတွေ့ရသေးပါ။ သက်ဆိုင်ရာအစိုးရဌာနများမှ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ ဝန်ဆောင်မှု ရရှိအောင် ဆောင်ရွက်ပေးသင့်ပါသည်။ မြို့နယ်မှလည်း ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် (၅)နှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက (၅)နှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် (၂)နှစ် (၃)နှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် (၅)နှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များဆိုင်ရာ အချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional Classificational)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional Classificational)-* ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic Classification)တွင်*

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ

အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဦးစားပေးစီမံချက်လုပ်ငန်းများ

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| အဆောက်အဦး | ၁။ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်း | ၁၀၀ | ၁ | * ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့် မြို့နယ်ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံသွားမည်။ | |
| ရေရရှိရေး | ၁။ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ခြင်း | | ၂ | * ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့် မြို့နယ်ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံသွားမည်။ | |
| လူငယ်များဖွံ့ဖြိုးတိုးတက်ရေး | ၁။ အားကစားကွင်း မြေညှိ ဆောင်ရွက်ခြင်း | ၈၃ | ၃ | * ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့် မြေစာရင်းဦးစီးဌာန၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်။ | |
| မီးလင်းရေး | ၁။ ရေအားလျှပ်စစ်မီးလင်း ရေးဆောင်ရွက်ခြင်း | ၇၂ | ၄ | * ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဦးစီးဌာနများသို့များထံသို့ ရန်ပုံငွေ တင်ပြတောင်းခံသွားမည်။ | |
| ပညာရေး | ၁။ မူလွန်ကျောင်းဆောင် ဆောက်လုပ်ခြင်း | ၆၆ | ၅ | * ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေးဦးစီးဌာနတို့သို့ တင်ပြတောင်းခံသွားမည်။ | |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက်(Project) | ဦးစားပေး အဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | ဘက်စုံသုံးခန်းမဆောင်ဆောက်လုပ်ခြင်း | ၁ | √ | | | | |
| ၂ | ရေရရှိရေးလုပ်ငန်း | ၂ | | √ | | | |
| ၃ | အားကစားကွင်းမြေညှိဆောင်ရွက်ခြင်း | ၃ | | √ | √ | | |
| ၄ | ရေအားလျှပ်စစ်မီးလင်းရေး | ၄ | | √ | √ | | |
| ၅ | မူလွန်ကျောင်းဆောင်ဆောက်လုပ်ခြင်း | ၅ | | √ | √ | | |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သောဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ် ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်း စာနာမှုဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်း အသုံးစရိတ် | စွမ်းဆောင်ရည် မြှင့်တင်ရေး | |
| ၁ | ဘက်စုံသုံးခန်းမဆောက်ဆောက်လုပ်ခြင်း | | | - | | |
| ၂ | လူငယ်ဘောလုံးကွင်းတိုးချဲ့ခြင်း | | | - | | |
| ၃ | မြောင်းကူးရေကျော်ရှပ်တန်းပြန်လည်ပြုပြင်ခြင်း | | | - | | |
| ၄ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | | | - | | |
| ၅ | အရန်မီးသတ်အဆောက်အဦဆောက်လုပ်ခြင်း | | | - | | |
| | ကျေးရွာတွင်းမြေနီကျောက်စရစ်ခင်းခြင်း | | | - | | |
| | စာသင်ကျောင်းခြံစည်းရိုးအဆင့်မြှင့်တင်ခြင်း | | | - | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်

ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူ ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်-

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ၊
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ၊ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ခြင်းလုပ်ငန်းတွင် စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းများပြုပြင် ထိန်းသိမ်းရေး

အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လုပ်ဆောင်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း(indicator)များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှု ကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

#### (က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ၊
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြုချက်များ၊
